**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# တစ်ပတ်အတွင်း မြန်မာ့နိုင်ငံရေးသတင်း အကျဉ်းချုပ် (၀၉၀/၂၀၁၁)

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၀၉) ရက်နေ့မှ ၂၀၁၁ ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရေးကိစ္စ မကြာမီရက်ပိုင်းအတွင်းတွင် အကောင်အထည် ပေါ်လာနိုင်ပါသည်ဟု ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက နော်ဝေ ဒု-နိုင်ငံခြားရေးဝန်ကြီး အက်စပင်န် ဘာ့သ် အိုင်ဒဲနှင့် တွေ့ဆုံစဉ် ပြောဆိုလိုက်သည်။ (VOA 091011) Read More...
- မြန်မာနိုင်ငံဘက်မှ ရပ်ဆိုင်းထားသည့် ဧရာဝတီမြစ်ဆုံရေကာတာစီမံကိန်းအရေးနှင့်ပတ်သက်ပြီး နှစ်နိုင်ငံအကျေအလည် ညှိနှိုင်းဖြေရှင်းသွားရန်အတွက် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တရုတ်နိုင်ငံခြားရေး ဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးမှုအပြီး သဘောတူညီခဲ့ကြသည်။ (BBC 101011) Read More...
- ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ဆိုင်းငံ့လိုက်ရခြင်းကြောင့် မြန်မာနိုင်ငံဘက်က တရုတ်နိုင်ငံသို့ နစ်နာကြေးအရ အခြားသော စီမံကိန်းများ လုပ်ဆောင်ပေးသွားဖွယ်ရှိကြောင်း သမ္မတ အကြံပေး ဒေါက်တာနေဇင်လတ်က ပြောသည်။ (Irrawaddy 131011) Read More...
- အပြောင်းအလဲများ ဆောင်ရွက်နေသည့် အစိုးရသစ်အပေါ် ကောက်ချက်ချ မစောကြရန် ပြန်ကြားရေးနှင့်လူထုဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က အောက်တိုဘာ ၁၂ ရက်နေ့ အီးမေလ်းမှတဆင့် တုံ့ပြန်ပြောဆိုလိုက်ကြောင်း The Wall Street Journal က ဖေါ်ပြလိုက်သည်။ (RFA 131011) Read More...
- မြန်မာအစိုးရအနေဖြင့် နောက်ထပ်လွတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်ရန်ရှိကြောင်း သမ္မတ ဦးသိန်းစိန်၏ နိုင်ငံရေး အကြံပေးအဖွဲ့ခေါင်းဆောင် ဦးကိုကိုလှိုင်က ပြောကြားလိုက်သည်။ (RFA 151011) Read More...

## တပ်မတော်

### (က) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- ကချင်ပြည်နယ် တောင်ပိုင်း မန်ဂျေ(မံစီ)မြို့နယ်၊ နမ်လင်းပါ (Nam Lim Pa) ကျေးရွာတွင် အောက်တိုဘာ ၈ ရက်နေ့က မြန်မာအစိုးရတပ် ဗန်းမော်အခြေစိုက် စကခ(၂၁) လက်အောက် ဗိုလ်မှူးကြီး ကိုကိုနိုင် ဦးဆောင်သော အမှတ် (၁) နည်းဗျူဟာမှ တပ်ရင်းနှစ်ရင်းက လက်နက်ကြီး ပစ်ခတ်ခဲ့ရာ အပြစ်မဲ့ကလေးကျောင်းသား (၁) ဦး သေဆုံးပြီး (၅) ဦး ဒဏ်ရာရခဲ့သည်ဟု ရွာသားများက ပြောသည်။ (KNG 101011) Read More...
- ကချင်ပြည်နယ် မြန်မာအစိုးရတပ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (မပခ) လက်အောက်ခံ မိုးကောင်းအခြေစိုက် စကခ (၃) မှ ဗိုလ်မှူးချုပ် မြတ်ကျော်ဦးစီးသည့် တပ်သား (၁၀) ဦးခန့်သည် တရုတ်အမျိုးသမီး ၃ ဦးကို အဓွမပြုခဲ့ကြောင်း ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) အရာရှိများနှင့် ၎င်းအမျိုးသမီးများနှင့်နီးစပ်သူများက ပြောသည်။ (KNG 101011) Read More...

- ချင်းပြည်နယ်မြောက်ပိုင်း ကျီခါးမြို့ အခြေစိုက် ခလရ ၂၇၄ မှ ဗိုလ်ကြီး အောင်တင်မိုးအဖွဲ့သည် ဒေသအတွင်း နယ်လှည့်ပြီး ရွာအလိုက်သစ်တောခွန်နှင့် ဘိန်းခွန်များကို အကြောင်းပြပြီး သစ်တောခွန်များ တစ်ရွာကို ရှုပီး ၁၅,၀၀၀ စီကောက်နေသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (Khonumthung111011) Read More…
- ကရင်နီပြည် ဖရူဆိုမြို့နယ် ကြက်ဖိုးကြီးကျေးရွာအုပ်စုရှိ ဒေါတနောကျေးရွာတွင် အင်အား ၅ ဦးရှိ ကရင်နီပျောက်ကျားတပ်နှင့် မြန်မာအစိုးရ ခလရ (၂၅၀) မှ ဒု- ရင်းမှူး ဗိုလ်မှူးသန့်တင်စိုး ဦးစီးသည့်တပ်ဖွဲ့တို့ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားပြီးနောက် ကျေးရွာ ဥက္ကဌ ဦးငါးရယ်နှင့် ရွာသား ၅ ဦးဖြစ်သော ခူးငါးရယ်၊ ခူးသိုးရယ်၊ ခူးလူရယ်၊ ဦးကျော်ဂင်းတို့ကို ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု မျက်မြင်ဒေသခံများက ပြောသည်။ (KT 111011) Read More…
- မြန်မာနိုင်ငံ သမ္မတ ဦးသိန်းစိန်အစိုးရသစ်သည် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များနှင့် ငြိမ်းချမ်းရေးကမ်းလှမ်းနေချိန် သျှမ်းပြည်တောင်ပိုင်း အတွင်းလှုပ်ရှားနေသည့် မြန်မာစစ်တပ် ခမရ ၅၁၅ နှင့် ခမရ ၅၁၃ တို့က ဒေသခံလူထုအပေါ် လူ့အခွင့်အရေး အမျိုးမျိုးချိုးဖေါက်နေသည်ဟု ဒေသခံများနှင့် ကားဆရာတစ်ဦးက ပြောသည်။ (S.H.A.N 111011) Read More…
- နိုင်ငံရေးအကျဉ်းသားတစ်ဦးဖြစ်သူ ကိုတင်ထွန်းအောင်ကို ပေါ်တာအထမ်းသမားအဖြစ် ရှေ့တန်းသို့ အပို့ခံခဲ့ရပြီး ရှေ့တန်းတွင် မိုင်းထိမှန်ကာ ခြေတစ်ဘက် ပြတ်သွားပြီးနောက် မင်္ဂလာဒုံစစ်ဆေးရုံမှတဆင့် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်မတိုင်မီ စက်တင်ဘာ ၂၅ ရက်နေ့ ပြန်လွှတ်ပေးလိုက်သည်။ (RFA 141011) Read More…
- ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့နယ်ရှိ ခမရ (၅၂၂) တပ်ရင်းသည် မရစ်ရွာရှိ အမျိုးသမီး ၇ ဦးကို အောက်တိုဘာလ ၁၂ရက်နေ့ က ဖမ်းဆီးသွားပြီး အထမ်းသမားများအဖြစ် အသုံးပြုခိုင်း စေသည်ဟု ဒေသခံ ရွာသားတစ်ဦးက ပြောသည်။ (KIC 151011) Read More…

## (ခ) နယ်ခြားစောင်တပ်နှင့် ပြည်သူ့စစ်အဖွဲ့များ

- ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ရှိ ထီးဝ့ါခယ်ရွာအနီးမှ ဧက ၂၀၀ ရှိ မြေလွတ်မြေရိုင်းများကို နယ်ခြားစောင့်တပ် BGF (၁၀၂၁) တပ်ရင်းမှ တပ်ခွဲမှူး ဗိုလ်ကြီးစောဌေးနိုင်က အောက်တိုဘာ ၂ ရက်နေ့မှစ၍ မြေများကို တိုင်းထွာကာ တစ်ဧက လျှင် ကျပ်ငွေ ၄ သောင်းနှုန်းဖြင့် အနီးတဝိုက်ရှိ ရွာများထံသို့ ရောင်းပေးနေသည်ဟု အမည်မဖော်လိုသူ ဒေသခံတစ်ဦးက ပြောသည်။ (KIC 111011) Read More…
- ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်အတွင်း အခြေချလှုပ်ရှားသည့် ဗိုလ်ကြီးစောဌေးနိုင် ဦးစီးသည့် နယ်ခြားစောင့်တပ်-BGF (၁၀၂၁) တပ်ရင်းမှ တပ်ဖွဲ့ဝင်များသည် ၎င်းတို့ထိန်းချုပ်ရာဒေသအတွင်းရှိ ကျေးရွာများတွင် စပါးကောက်ခံမည်ဟု အောက်တိုဘာ ၉ ရက်နေ့က စာတစ်စောင် ထုတ်ပြန်ခဲ့သည်။ (KIC 111011) Read More…

## မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်

- ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ နိုင်ငံသားအခွင့်အရေးများနှင့်ဆန့်ကျင်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်သည့် တိုင်တန်းချက် မှန်သမျှကို လက်ခံနေပြီဖြစ်ကြောင်းနှင့် လက်ရှိတွင်လည်း အများအပြား လက်ခံရရှိထားကြောင်း မြန်မာ နိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ အကြီးအကဲ ဦးဂင်းမြက အောက်တိုဘာ ၁၀ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (RFA 101011) Read More...
- မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သမ္မတ ဦးသိန်းစိန်ထံ အောက်တိုဘာ ၁၀ ရက်နေ့ ရက်စွဲဖြင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန်အတွက် အိတ်ဖွင့်ပေးစာတစ်စောင် ပေးပို့တောင်းဆိုလိုက်သည်ဟု ကော်မရှင် ဥက္ကဌ အငြိမ်းစားသံအမတ်ကြီး ဦးဝင်းမြက ပြောသည်။ (BBC 111011) Read More...
- လွတ်ငြိမ်းချမ်းသာခွင့်အရ လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများပြောနေသည့် အကျဉ်းသား အခွင့်အရေး ချိုးဖောက်ခံရမှုကိစ္စများကို ခိုင်ခိုင်မာမာ အချက်အလက်များရှိလျှင် စုဆောင်းပြီး အလားတူပြဿနာမျိုးများ နောင်မဖြစ်စေရန် တားမြစ်ရန် အစီအစဉ်ရှိသည်ဟု မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဂင်းမြက ပြောသည်။ (VOA 141011) Read More...

## အခြားနိုင်ငံရေးပါတီများ

- ယခုလအတွင်း ရခိုင်ပြည်နယ် လွှတ်တော်တွင် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေး ပါတီအမတ်များအနေဖြင့် ရခိုင်ပြည်သူများ လယ်မြေသိမ်းခံရခြင်း ကိစ္စနှင့် မတရား အခွန်ကောက် ကိစ္စများကို အဓိက မေးမြန်းသွားမည် ဖြစ်ကြောင်း စစ်တွေမြို့နယ် ပြည်နယ် လွှတ်တော်အမတ် ဦးအောင်မြကျော်က ပြောသည်။ (Narinjara 101011) Read More...
- အစိုးရမှ လွှတ်ပေးရန် ကျန်ရှိနေသေးသည့် ဦးခွန်ထွန်းဦး၊ ကိုမင်းကိုနိုင် စသည့် ထင်ရှားသော နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရေးအတွက် ညီနောင်တိုင်းရင်းသား ၅ ပါတီက လာမည့်ရက်ပိုင်းအတွင်း ကြေညာချက်ထုတ်ပြန်၍ အစိုးရကို တိုက်တွန်းတောင်းဆိုသွားမည်ဖြစ်ကြောင်း ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ RNDP ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောသည်။ (RFA 151011) Read More...
- ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီအနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ နိုင်ငံရေးပါတီ တည်ထောင်ပြီး ရွေးကောက်ပွဲဝင်ကြရန် ညီနောင်တိုင်းရင်းသား ၅ ပါတီက အောက်တိုဘာ ၁၅ ရက်နေ့က ကြေညာချက်ထုတ်ပြန် တိုက်တွန်းလိုက်သည်။ (VOA 151011) Read More...

## အတိုက်အခံအင်အားစုများ (ပြည်တွင်း)

### (က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- မြန်မာလူ့အခွင့်အရေးကော်မရှင်က လူ့အခွင့်အရေးချိုးဖောက်မှုများကို တိုင်ကြားနိုင်သည်ဟုဆိုသော်လည်း လူ့အခွင့်အရေး မြှင့်တင်သူများကွန်ယက် HRDP နှင့် မိတ္ထီလာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD တို့ပူးပေါင်းပြီး မန္တလေးတိုင်းမှ မြို့နယ် ၂၀ ခန့်တွင် လူ့အခွင့်အရေးပညာပေးရေး ပြုလုပ်နေခြင်းကို နယ်မြေခံရဲများက ဖိအားပေး တားဆီးပိတ်ပင်မှုများ ပြုလုပ်နေသည်ဟု မိတ္ထီလာ အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောသည်။ (BBC 101011) Read More...
- မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော နော်ဝေနိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Espen Barth Eide နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တက္ကသိုလ်ရိပ်သာလမ်းရှိ နေအိမ်တွင် အောက်တိုဘာ (၈) ရက်နေ့က တွေ့ဆုံအပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှတ်ပုံတင်ရေးနှင့် ကြားဖြတ်ရွေးကောက်ပွဲဝင်ရေး ကိစ္စများနှင့်ပတ်သက်၍ တစုံတရာ ဆုံးဖြတ်ထားခြင်းမရှိသေးကြောင်း မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုဆွေးနွေးခဲ့သည်။ (Irrawaddy 101011) Read More...
- နှစ်ပေါင်းများစွာ တရားဥပဒေစိုးမိုးရေး ကင်းမဲ့သည့်ဒဏ်ကို ခံခဲ့ရသည့် မြန်မာနိုင်ငံသားများအနေဖြင့် တရားဥပဒေစိုးမိုးမှု၏ အသီးအပွင့်ဖြစ်သည့် ဒီမိုကရေစီ၊ လွတ်လပ်မှုနှင့် လုံခြုံမှုကိုရရှိစေရန်အတွက် နိုင်ငံတကာက ဝိုင်းပြီးကူညီကြရန် ဒေါ်အောင်ဆန်းစုကြည်က အောက်တိုဘာ ၉ ရက်နေ့က ချက်နိုင်ငံတွင်စတင်ကျင်းပခဲ့သည့် (၁၅) ကြိမ်မြောက် Forum 2000 အစည်းအဝေးသို့ ပေးပို့သည့် ဗွီဒီယိုမိန့်ခွန်းမှတဆင့် ပန်ကြားလိုက်သည်။ (VOA 101011) Read More...
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် ယခုနှစ် မိုးကာလတွင် ရေဘေးဒုက္ခကြုံတွေ့နေရသည့် နေရာများကို ပါတီဘဏ္ဍာရေး ကြပ်တည်းသဖြင့် သွားရောက်ကူညီနိုင်မှု အားနည်းခဲ့ရသည်ဟု NLD ပြောရေးဆိုခွင့်ရှိသူ ဦးအုန်းကြိုင်က ပြောသည်။ (Mizzima 111011) Read More...
- မြစ်ဆုံရေကာတာစီမံကိန်းကို လက်ရှိအစိုးရလက်ထက်တွင် ရပ်ဆိုင်းထားရန် သမ္မတဦးသိန်းစိန်၏ ဆုံးဖြတ်ချက်ကို ပဲခူးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ကြိုဆိုလိုက်ပြီး လုံးဝရပ်တန့်ပေးရန် တောင်းဆိုလိုက်ကြောင်း တိုင်းအဖွဲ့ချုပ်ခေါင်းဆောင် အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်ဟု ပဲခူးတိုင်းစည်းရုံးရေးမှူး ဦးမြင့်ဦးက ပြောသည်။ (DVB 111011) Read More...
- အစိုးရသစ်မှ အကျဉ်းသားများ လွှတ်ပေးရာတွင် နိုင်ငံရေးပြစ်မှုများနှင့်အကျဉ်းချခံထားရသူအချို့ အောက်တိုဘာ ၁၂ ရက်နေ့က ပြန်လွတ်လာခြင်းကို ဝမ်းသားကြိုဆိုလိုက်သော်လည်း ကျန်နိုင်ငံရေးအကျဉ်းသားအားလုံး ဆက်လွှတ်ပေးရန် လိုအပ်သည်ဟု မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ (VOA 121011) Read More...
- အစိုးရမှ လွှတ်ပေးလိုက်သည့် နိုင်ငံရေးအကျဉ်းသားများကို ယခုကဲ့သို့လွှတ်ပေးရုံနှင့်မပြီးဘဲ ၎င်းတို့ ပြန်လွတ်လာပြီးသည့် နောက်ပိုင်းတွင် ၎င်းတို့ဘဝများ ပြန်လည်နေသားတကျဖြစ်ရန် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် လိုမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဝင်းတင်က တိုက်တွန်းပြောကြားလိုက်သည်။ (VOA 121011) Read More...

- မြန်မာ ဗုဒ္ဓဘာသာဝင် အများစု၏ အစဉ်အလာတစ်ခုဖြစ်သော သီတင်းကျွတ်လပြည့်နေ့တွင် သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့ကြလေ့ ရှိသည့်အလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဌာနချုပ်ရုံးတွင် နိုင်ငံရေးသက်ကြီးပူဇော်ပွဲများ ပြုလုပ်ခဲ့ကြကြောင်း NLD ပြောခွင့်ရ ဦးအုန်းကြိုင်က ပြောသည်။ (Mizzima 121011) Read More…
- မြန်မာနိုင်ငံ၏ အနာဂတ်အရေးအတွက် လူငယ်များကို အားထားကြောင်းနှင့် အနစ်နာခံဆောင်ရွက်ခဲ့ကြသည့် လူငယ်လူရွယ်အားလုံးကို ကျေးဇူးတင်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။ (RFA 131011) Read More...
- သမ္မတ ဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်အရ အောက်တိုဘာ ၁၂ ရက်နေ့ အကျဉ်းသားများ ပြန်လွတ်ရာတွင် နိုင်ငံရေးအကျဉ်းသား ၂၀၀ ကျော်သာပါဝင်ပြီး ယင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အဖွဲ့ဝင် ၈၀ ခန့်ကျော် ပါဝင်ကြောင်းနှင့် ကျန်နိုင်ငံရေးအကျဉ်းသားအားလုံး ထပ်မံလွှတ်ပေးရန် NLD က တောင်းဆိုလိုက်သည်။ (BBC 1341011) Read More...
- သမ္မတကြီးဦးသိန်းစိန် ဦးဆောင်သော လက်ရှိအစိုးရလက်ထက်တွင် ဧရာဝတီမြစ်ဆုံစီမံကိန်း ရပ်ဆိုင်းထားမည့် သဘောထားနှင့် ပတ်သက်၍ ဖြစ်ပေါ်နေသော မကျေလည်မှုများကြောင့် ပေါ်ပေါက်လာမည့် မြန်မာ-တရုတ်ဆက်ဆံရေး အခြေအနေများတွင် နှစ်နိုင်ငံပြည်သူများ၏ သဘောထားများကသာ အဓိကကျကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။ (Popular News 131011) Read More...

## (ခ) ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ

- လွတ်ငြိမ်းချမ်းသာခွင့်အရ နောက်ထပ် အကျဉ်းသားများ ထပ်လွှတ်မည်ဟု မျှော်လင့်ထားပြီး ယင်းတို့ထဲတွင် တိုင်းရင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားအားလုံး ပါဝင်မည်ဆိုပါက အစိုးရသစ်နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားပြု ကော်မတီ CRPP က ပြောသည်။ (Mizzima 131011) Read More...

## (ဂ) အခြားတက်ကြွလှုပ်ရှားသူအင်အားစုများ

- မြန်မာနိုင်ငံတွင် နိုင်ငံ့အရေး၊ လူငယ့်အရေးများကို ပေါ်ပေါ်ထင်ထင် ဆောင်ရွက်သွားမည်ဟု ၂၀၀၇ ခုနှစ်ရွှေဝါရောင်လှုပ်ရှားမှုအပြီး စတင်တည်ထောင်ခဲ့သည့် မျိုးဆက်သစ်လူငယ်များအစည်းအရုံး GW က ၄င်းအဖွဲ့၏ တည်ထောင်ခြင်း ၄ နှစ်ပြည့် အောက်တိုဘာ ၉ ရက်နေ့တွင် ထုတ်ဖော်ပြောဆိုလိုက်သည်။ (BBC 091011) Read More...
- အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြည်တွင်း ငြိမ်းချမ်းရေး မရှိပဲ စစ်မှန်သည့် အမျိုးသားပြန်လည် သင့်မြတ်ရေး မရရှိနိုင်ကြောင်း အင်းစိန်အကျဉ်းထောင်တွင် ထိန်းသိမ်းခံထားရသည့် နိုင်ငံရေးအကျဉ်းသားများက အောက်တိုဘာ ၈ ရက်နေ့တွင် တောင်းဆို စာတစ်စောင် အစိုးရထံ ပေးပို့လိုက်သည်။ (RFA 091011) Read More...
- တောင်သူလယ်သမားများ၏ ရပိုင်ခွင့် အခွင့်အရေးများနှင့်ပတ်သက်၍ လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် လယ်သမားများ ဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက်နေ့က ပဲခူးတိုင်း ညောင်လေးပင်မြို့တွင် ကျင်းပခဲ့ပြီး မှတ်ခမူ၊ တော်ကသီနှင့် ဝါးရုံကုန်းတိုက်နယ်မှ လယ်သမား ၈၀ ခန့် တက်ရောက်ခဲ့သည်ဟု ပါဝင်တက်ရောက်ခဲ့သူ တော်ကသီကျေးရွာမှ ကိုအေးလွင်က ပြောသည်။ (RFA 091011) Read More...
- ဧရာဝတီ စီမံကိန်းအပြီးအပိုင် ရပ်တန့်ရေးအတွက် မြန်မာပြည်သူလူထု တရပ်လုံးဆီမှ သဘောထားလက်မှတ် ၁ သန်းကောက်ခံပြီး တရုတ်အစိုးရနှင့်ပြည်သူများထံ ပေးပို့တောင်းဆိုသွားမည်ဟု မန္တလေးအခြေစိုက် "စိမ်းရောင်စို" လှုပ်ရှားမှုအဖွဲ့မှ ဦးငြိမ်းချမ်းက ပြောသည်။ (RFA 091011) Read More...
- ရခိုင်ပြည်နယ် ဘူးသီးတောင် အကျဉ်းထောင်တွင် ၆၅ နှစ်ကျော် ထိန်းသိမ်းခံထားရသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်၏ ကျန်းမာရေး အခြေအနေ ဆိုးရွားနေသည့်အတွက် မိသားစုဝင်များက စိုးရိမ်နေကြသည်ဟု ထောင်ဝင်စာသွားရောက် တွေ့ဆုံခဲ့သူ ၄င်း၏ယောက်ဖ ကိုဖြိုးမင်းသိန်းက ပြောသည်။ (RFA 101011) Read More...
- အသည်းကင်ဆာ ဝေဒနာခံစားနေရသည့် နိုင်ငံရေးအကျဉ်းသား ကိုဇော်လင်းထွန်းကို ပြန်လွတ်ပေးရန် ၄င်းမိသားစုက မေတ္တာရပ်ခံသည့်အပေါ် အင်းစိန်ထောင်အာဏာပိုင်များမှ လျစ်လျူရှုလိုက်ပြီး ဆေးကုသပေးမည်ဆိုသည့် ကတိစကားကိုလည်း မတည်ဘူးဟု မိသားစုနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (DVB 101011) Read More...
- ရွှေဝါရောင်တော်လှန်ရေးကို ဦးဆောင်သော သံဃာတော် ဦးဂမ္ဘီရ၏ မိခင်ဖြစ်သူ ဒေါ်ရေးက အောက်တိုဘာ ၁၂ ရက်နေ့က ကလေး အကျဉ်းထောင်အရာရှိကို ဆက်သွယ်မေးမြန်းချက်အရ အရှင်ဂမ္ဘီရမှာ အကျဉ်းထောင်ထဲမှာပင် ရှိနေသေးသည်ဟု ဒေါ်ရေးက ပြောသည်။ (Mizzima 121011) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- မြစ်ကြီးနား အကျဉ်းထောင်မှ အောက်တိုဘာ ၁၂ ရက်နေ့က ပြန်လွတ်မြောက်လာသည့် စွယ်စုံရ အနုပညာရှင် လူရွှင်တော် ကိုဇာဂနာက အကျဉ်းထောင်တွင်းတွင် ကျန်ရှိနေသေးသည့် နိုင်ငံရေး အကျဉ်းသားများအတွက် တစ်ထောင်ဝင် တစ်ထောင်ထွက် ထောင်ဝင်စာ လိုက်ပို့မည့် အစီအစဉ်ကို မကြာမီ စတင်ရန်ရှိသည်ဟု ပြောဆိုလိုက်သည်။ (RFA 131011) Read More...
- မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေး ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး ၄င်းအနေဖြင့် အပြည့်အဝ ထောက်ခံကြောင်း ကျိုင်းတုံထောင်တွင် အကျဉ်းကျနေသော ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်က ပြောကြားလိုက်သည်။ (RFA 131011) Read More...
- လွတ်ငြိမ်းချမ်းသာခွင့်နှင့် အကျဉ်းသား ၆၀၀၀ ကျော် လွှတ်ပေးခဲ့ရာတွင် နိုင်ငံရေး အကျဉ်းသား အမြောက်အများ ထောင်ထဲတွင် ကျန်ရှိနေသေးသောကြောင့် ဦးသိန်းစိန် အစိုးရသည် အပြောနှင့်အလုပ် မညီဘူးဟု စစ်ကိုင်းတိုင်း ခန္တီးအကျဉ်းထောင်မှ အောက်တိုဘာ ၁၂ ရက်နေ့ ပြန်လည်လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသူ မစုစုနွေးက ဝေဖန်ပြောဆိုလိုက်သည်။ (RFA 131011) Read More...
- လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားများ၊အတွက် ၄င်းတို့၏ မိသားစုဝင်များနှင့်ထပ်တူ ဝမ်းသာသည်ဟု ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်က ပြောဆိုလိုက်ကြောင်း ထောင်ဝင်စာသွားရောက်တွေ့ဆုံခဲ့သည့် အစ်မဖြစ်သူ ဒေါ်ကြည်ကြည်ညွန့်က ပြောသည်။ (VOA 151011) Read More...

(ဃ) မီဒီယာ

- မြန်မာနိုင်ငံ၏ မီဒီယာ အခန်းကဏ္ဍ၌ စာပေစိစစ်ရေးဌာန မရှိသင့်တော့ကြောင်း စာပေစိစစ်ရေးဌာန၏ အဆင့်မြင့်အရာရှိ ဦးတင့်ဆွေက ပြောဆိုခြင်းသည် စာပေလောကသားများအတွက် ဝမ်းမြောက်၊ ဝမ်းသာ ကြိုဆိုရမည်ဖြစ်ကြောင်း၊ စိစစ်ရေးဌာနအား ဖျက်သိမ်းမည် ဆိုပါက စာပေ၊ စာနယ်ဇင်း အသိုင်းအဝိုင်းအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုများရှိလာ မည်ဖြစ်သည့်အတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်ဟု ပြည်သူ့ခေတ်ဂျာနယ်၏ အတိုင်ပင်ခံ အယ်ဒီတာနှင့် စာရေးဆရာ မောင်ဝံသက ပြောသည်။ (Irrawaddy 101011) Read More...
- ဒီမိုကရေစီစနစ်တွင် စာပေစိစစ်ရေး မရှိသင့်ဟု စိစစ်ရေး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက ထုတ်ဖော်ပြောဆိုလိုက် သော်လည်း သတင်းဂျာနယ်များတွင် ဧရာဝတီ မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းမှု နောက်ဆက်တွဲ သတင်းများ၊ ပြည် မြန်မာကုန်တိုက် ဆိုင်ခန်း ပိုင်ရှင်များ ဆန္ဒပြသည့်သတင်း၊ ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော စစ်ပွဲသတင်းများ အပါအဝင် သတင်းအများစု ဖော်ပြခွင့်မပြုဘဲ ဆင်ဆာဖြတ်တောက်နေဆဲရှိနေသည်ဟု သတင်းဂျာနယ် တာဝန်ခံအယ်ဒီတာတစ်ဦးက ပြောသည်။ (Irrawaddy 101011) Read More...
- အင်အား (၁၅) ဦးရှိ KNU၊ KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့မှ မော်လမြိုင်မြို့ရှိ၊ မွန်ပြည်နယ်ခန်းမ၌ အောက်တိုဘာ ၁၀ ရက်နေ့က မွန်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်ထံ လက်နက်အပြီးအပိုင် အပ်နှံပွဲကျင်းပခဲ့သည့် အကြောင်းကို အောက်တိုဘာ ၁၁ ရက်နေ့ထုတ် အစိုးရသတင်းစာများက အသားပေးဖော်ပြခဲ့သည်။ (IMNA 111011) Read More...

တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် မန္တလေးမြို့သို့သွားသည့် ရထားလမ်းကို ကချင်လွတ်မြောက်ရေးအဖွဲ့ (KIA) က ဟိုပင်၊ ဆားမော်နှင့် မရမ်း သုံးနေရာရှိ သံလမ်းနေရာများကို ဖုံးဖောက်ခွဲပြီးနောက် ၆ ရက်နေ့မှစ၍ ယနေ့အထိ သွားလာမရဖြစ်ကာ ပိတ်ထားရသည်ဟု မြစ်ကြီးနားမြို့ခံတစ်ဦးက ပြောသည်။ (KIC 101011) Read More...
- ကရင်ပြည်နယ်၊ မြဝတီမြို့ တောင်ဘက်ခြမ်းရှိ ဝေါ်လေဒေသတွင် အောက်တိုဘာ ၉ နေ့ရက်က တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် DKBA တပ်ဖွဲ့နှင့် အစိုးရတပ် ခလရ (၂၀၃)၊ (၂၀၄) ပူးပေါင်းတပ်ရင်းတို့ တိုက်ပွဲငယ် ၃ ကြိမ် ဖြစ်ပွားခဲ့သည်ဟု DKBA မှ ဗိုလ်မှူးဆန်းအောင်က ပြောသည်။ (KIC 101011) Read More...
- အောက်တိုဘာ ၉ ရက်နေ့က ကျိုင်းတုံ၌ ဒုတိယအကြိမ်တွေ့ဆုံခဲ့ကြသော မြန်မာအစိုးရနှင့် မိုင်းလားတပ်ဖွဲ့ကိုယ်စားလှယ် များကြား သဘောတူညီမှု ၇ ချက်ရှိသည့်အနက် ပြည်ထောင်စုမှ ခွဲထွက်မည်မဟုတ်ဆိုသည့်အချက်လည်းပါဝင်နေသည်ဟု မိုင်းလားအရာရှိများ နှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 101011) Read More...
- ရှမ်းပြည်နယ် မူဆယ်ခရိုင်အတွင်း မြန်မာအစိုးရဘက်မှ နယ်မြေရှင်းလင်းစဉ် သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများမှာ ကချင် လွတ်မြောက်ရေးအဖွဲ့ပိုင်များ ဖြစ်သည်ဟူသောစွပ်စွဲချက်ကို မဟုတ်မှန်ကြောင်း KIO က ငြင်းဆိုလိုက်ပြီး အစိုးရက နောက်ယှက်

၍ မူးယစ်တိုက်ဖျက်ရေးလုပ်ငန်းများ မလုပ်နိုင်ကြောင်း ပြန်လည်တုန့်ပြန်လိုက်သည်ဟု KIO တပ်မဟာ ၄ တာဝန်ခံ ဦးဇောင်ဇော်က ပြောသည်။ (Mizzima 111011) Read More..., NMG...

- ကချင်ပြည်နယ်တွင် အောက်တိုဘာ ၁၁ ရက်နေ့က ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ KIA နှင့် မြန်မာအစိုးရ တပ်ရင်း မခရ (၄၇)၊ မံစီအခြေစိုက် တပ်ရင်း ခမရ (၆၀၁) အကြား ဖြစ်ပွားသောတိုက်ပွဲတွင် မြန်မာအစိုးရ စစ်သား အလောင်း ၄ လောင်း တွေ့ရှိကြောင်း အင်ဒုံဒိန်ဆာ (Ndung Dingsa) ရွာအနီးတွင် တွေ့ရသည်ဟု ဒေသခံများက ပြောသည်။ (KNG 111011) Read More...
- တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA က ကရင်ပြည်နယ် ကော့ကရိတ်မြောက်ဘက်ခြမ်း ဝေါလေဒေသ နိဖိုးကလိုးရွာအနီးတွင် စစ်ကြောင်းချီလာသည့် အစိုးရတပ် ခလရ ၂၀၃၊၂၀၄၊၃၁၀ တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၁၀ ရက်နေ့က ချုံခိုတိုက်ခိုက်ခဲ့သဖြင့် အစိုးရတပ်မှ ၄ ဦး သေဆုံးသွားပြီး ၂ ဦး ဒဏ်ရာရရှိသွားသည်ဟု DKBA ဗိုလ်မှူးစန်းအောင် ပြောသည်။ (DVB 111011) Read More...
- ကရင်ငြိမ်းချမ်းရေးကောင်စီအဖွဲ့မှ ဗိုလ်မှူး စောအယ်ထူးနှင့်အဖွဲ့ဝင် ၁၅ ဦးသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် အောက်တိုဘာ (၉) ရက်နေ့က လက်နက်နှင့်အတူ လက်နက်ချအလင်းဝင်ခဲ့သည်ဟု အောက်တိုဘာ ၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားချက်သည် မမှန်ကန်ကြောင်း ကရင်ငြိမ်းချမ်းရေးကောင်စီအဖွဲ့၏ နိုင်ငံခြားဆက်သွယ်ရေးတာဝန်ခံဒေါက်တာ တီမိုသီက ငြင်းဆိုလိုက်သည်။ (DVB 111011) Read More...
- ကချင်လွတ်မြောက်ရေးတပ်မတော် KIA က တရုတ်-မြန်မာနယ်စပ် လွယ်ဂျယ်ဒေသအနီးရှိ အစိုးရတပ် ခမရ ၃၂၁ တပ်ဖွဲ့များ နေရာ ယူထားသည့် ဂျာမိုင်တောင်ကုန်းကို အောက်တိုဘာ ၁၁ ရက်နေ့က သိမ်းယူလိုက်ကြောင်းနှင့် တိုက်ပွဲအတွင်း KIA ဘက်မှ ၂ ဦးကျဆုံးပြီး ၁၀ ဒဏ်ရာရရှိခဲ့သည်ဟု KIA က ပြောသည်။ (BBC 121011) Read More..., Irrawaddy...
- ကရင်ပြည်နယ်၊ မြဝတီမြို့တောင်ဘက် ဝေါလေဒေသတွင် လှုပ်ရှားနေသည့် အစိုးရစစ်တပ် ခမရ (၄၀၄)၊ (၄၀၃) နှင့် (၃၁၀) ပူးပေါင်းတပ်ရင်းများအား ဗိုလ်မှူးချစ်သဲဦးစီးသော တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA ကလို့ထူးဘော ဇုံဟာမှ မိနစ် ၂၀ ကျော်ကြာ ဝင်ရောက်ပစ်ခတ်ခဲ့ရာ အစိုးရတပ်မှ တပ်ဖွဲ့ဝင် ၆ ဦး ကျဆုံးပြီး ၁ ဦး ဒဏ်ရာရှိခဲ့ သည်ဟု DKBA ဗိုလ်မှူး ဆန်းအောင်က ပြောသည်။ (KIC 131011) Read More...
- သျှမ်းပြည် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ၁၂ မိုင်အနီးရှိ ပန်ဆေးပြည်သူ့စစ် တပ်စခန်းတစ်ခုအား အောက်တိုဘာ ၁၂ ရက်နေ့ ညပိုင်း ၁ နာရီခန့်တွင် KIA အဖွဲ့က ဝင်ရောက်တိုက်ခိုက်ခဲ့သောကြောင့် ပြည်သူ့စစ်အဖွဲ့ဝင် ၅ ဦးခန့် ဒဏ်ရာရရှိသွားပြီး ဒဏ်ရာပြင်းထန်သူ တစ်ဦးကို တရုတ်ပြည် မန်စီမြို့ဆေးရုံသို့ ပို့ဆောင်လိုက်သည်ဟု မျက်မြင် ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 131011) Read More...
- ရှမ်းပြည်တပ်မတော် မြောက်ပိုင်း (ခေါ်) ရှမ်းပြည်တိုးတက်ရေးပါတီ SSA/ SSPP တပ်ဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဆေထျဲန် လွတ်မြောက်လာသည့်အပေါ် မိမိတို့ တောင်းဆိုမှုကို အစိုးရဘက်မှ လိုက်လျောသည့် လက္ခဏာတွေ့ရကြောင်း SSA မြောက်ပိုင်း တပ်ဖွဲ့ ပြောခွင့်ရ ပုဂ္ဂိုလ် ဗိုလ်မှူးစိုင်းလက ပြောသည်။ (NMG 131011) Read More...
- ကရင်နီပြည် ဖရူဆိုမြို့နယ် အစိုးရစစ်တပ် ခြေမြန်တပ်ရင်း (ခမရ) ၃၃၇ နှင့် ကရင်နီ တပ်မတော်တို့အကြား တိုက်ပွဲဖြစ်ပွားရာ အစိုးရဘက်မှ တပ်သား ၂ ဦး ကျဆုံးပြီး ဗိုလ်စိုးရယ် ဦးဆောင်သည့် ကရင်နီတပ်မတော် ပူးပေါင်းတပ်ဖွဲ့မှ ဒု-ဗိုလ်မောဖူးကျဆုံးပြီး ဒု-တပ်ကြပ်တစ်ဦး ဒဏ်ရာရသွားသည်ဟု ဗိုလ်ချုပ်ဘီထူးက ပြောသည်။ (KT 141011) Read More...
- ကချင်ပြည်နယ် မြစ်ကြီးနား-ဗန်းမော် လမ်းဂါးရာယန်ကျေးရွာအနီး တောင်ကုန်း (Lung Zep Kawng) တွင် နယ်မြေခံ တပ်ရင်း ခမရ ၃၂၁ နှင့် KIA တပ်မဟာ ၅ လက်အောက်ခံ တပ်ရင်း (၃) တပ်များအကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ တိုက်ပွဲတွင် သေဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိသော အစိုးရစစ်သားများကို သုံးဘီးကား (ဆိုင်ကယ်) (၃) စီးနှင့် ကား (၁) စီးတို့ဖြင့် ဗိုင်းမော်ဘက်သို့ သယ်ယူသွားသည်ဟု မျက်မြင်များက ပြောသည်။ (KNG 141011) Read More...
- ကချင်ပြည်နယ် မြို့တော် မြစ်ကြီးနားအနီး အင်အား (၃၀) ကျော်ရှိသော အစိုးရစစ်ကြောင်းနှင့် KIA တပ်ရင်း (၁၁) တို့အကြား အောက်တိုဘာ ၁၃ ရက်နေ့က တိုက်ပွဲဖြစ်ပွားပြီးနောက် အစိုးရဘက်မှ (၁၀) ဦး ကျဆုံးကြောင်း မျက်မြင်သက်သေများက ပြောသည်။ ((KNG 141011) Read More...
- ကော့ကရိတ်မြို့နယ်ရှိ ဆုံဆည်းမြိုင်နှင့် အူးကလေ့ထာ့ရွာအကြားတွင် အစိုးရတပ်မှ ထော်လာဂျီကား ၂ စီးဖြင့် သယ်ဆောင်လာသော ဆန်၊ ပဲနှင့် အမဲပူးတို့ကို တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်-DKBA၊ ရခိုင်လွတ်မြောက်ရေးပါတီ-ALP နှင့် မြန်မာနိုင်ငံ လုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး-ABSDF တို့က အောက်တိုဘာ ၁၄ ရက်နေ့က သိမ်းဆည်းခဲ့သည် ဟု DKBA မှ ဗိုလ်မှူးစောဆန်းအောင်က ပြောသည်။ (KIC 151011) Read More...
- ကချင်ပြည်နယ် လွယ်ဂျယ်မြို့နယ်အတွင်းရှိ အစိုးရတပ် ခမရ ၃၂၁ တပ်ဖွဲ့များ စခန်းထိုင်နေသည့် မော်ဆွေရှေ့တန်းစခန်းကို ကချင်လွတ်မြောက်ရေးတပ်မတော် KIA တပ်မဟာ ၃ တပ်ရင်း ၁ တပ်ဖွဲ့များက အောက်တိုဘာ ၁၅ ရက်နေ့တွင် ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်လိုက်သည်။ (BBC 151011) Read More...

### အတိုက်အခံအင်အားစုများ (ပြည်ပ)

- မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ယာယီ ရပ်ဆိုင်းထားတာမျိုး မဟုတ်ဘဲ လုံးဝ ဖျက်သိမ်းပစ်ရန်အတွက် အမေရိကန်ရောက် မြန်မာမိသားစုဝင်များက တရုတ်ဝါရှင်တန်ဒီစီမြို့တော်ရှိ တရုတ်သံရုံးရှေ့တွင် အောက်တိုဘာ ၈ ရက်နေ့က သွားရောက်ဆန္ဒပြခဲ့ကြသည်ဟု ဆန္ဒပြပွဲတွင်ပါဝင်သူ မမြတ်ယဉ်ချောက ပြောသည်။ (RFA 091011) Read More...
- မလေးရှားနိုင်ငံတွင် ရောက်ရှိနေသော မြန်မာပြည်မှ တိုင်းရင်းသားများက ကွာလာလမ်ပူ မြန်မာအစိုးရသံရုံးအနီးတွင် အောက်တိုဘာ ၁၁ ရက်နေ့က မြန်မာပြည်တွင်း ထိုးစစ်ကိုချက်ခြင်းရပ်ရန်၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း ချက်ခြင်းရပ်တန့်ရန်၊ ဖမ်းဆီးထားသော နိုင်ငံရေးအကျဉ်းသားများကိုလွှတ်ပေးရန်နှင့် ဧရာဝတီ မြစ်ဆုံရေကာတာ ပြုလုပ်ခြင်းကို အပြီးအပိုင် ရပ်တန့်ပေးရန် စသည့် အချက်(၄) ချက်ကို တောင်းဆို ဆန္ဒပြခဲ့ကြသည်ဟု ဆန္ဒပြပွဲ ဦးဆောင်သူတစ်ဦးဖြစ်သူ ကချင်အမျိုးသား အင်ခွမ်လဆိုင်းက ပြောသည်။ (KNG 111011) Read More...
- အောက်တိုဘာ ၁၁ ရက်နေ့က ထုတ်ပြန်လိုက်သည့် သမ္မတ ဦးသိန်းစိန်၏ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ကြေညာချက်တွင် နိုင်ငံရေး အကျဉ်းသားအားလုံး ခြွင်းချက်မရှိ လွှတ်ပေးမည်ဆိုသည့် အဓိပ္ပါယ် သက်ရောက်မှုမျိုးမတွေ့ရကြောင်း ထိုင်းအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ AAPP-B က ပြောဆိုလိုက်သည်။ (RFA 111011) Read More...
- အာဏာပိုင်များသို့ ရက်သတ္တပတ်နှစ်ပတ် ကြိုတင်အကြောင်းကြားကာ သပိတ်မှောက်ခွင့် ပြုထားသော မြန်မာအစိုးရက ပြဋ္ဌာန်းလိုက်သည့် အလုပ်သမားအခွင့်အရေး ဥပဒေကို ပြည်ပအတိုက်အခံ မြန်မာနိုင်ငံ အလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ် FTUB က ကြိုဆိုလိုက်ပြီး၊ ဥပဒေပါ အချက်အလက်များအတိုင်း လက်တွေ့အကောင်အထည်ဖော်ရန်လိုကြောင်း အဖွဲ့၏ တွဲဘက်အတွင်းရေးမှူး ဒေါက်တာ ဇော်ဝင်းအောင်က အောက်တိုဘာ ၁၂ ရက်နေ့တွင် ပြောကြားလိုက်သည်။ (Mizzima 121011) Read More...
- လွတ်မြောက်လာရာတွင် အဓိက အရေးပါသည့် ၈၈ မျိုးဆက် ကျောင်းသား ခေါင်းဆောင်များ ပါဝင်ခြင်းမရှိသေးကြောင်း နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) AAPP-B တွဲဘက်အထွေထွေ အတွင်းရေးမှူး ကိုဘိုကြည်က ပြောကြားလိုက်သည်။ (Irrawaddy 121011) Read More...
- မြန်မာနိုင်ငံတွင် သိသာထင်ရှားသည့် ပြောင်းလဲခြင်းများ မမြင်ရသေးသဖြင့် မြန်မာအစိုးရနှင့် ဆက်ဆံရာတွင် သတိဖြင့် ဆက်ဆံစေလိုကြောင်း အိန္ဒိယနိုင်ငံရှိ မြန်မာ့ဒီမိုကရေစီ အင်အားစုများက အိန္ဒိယ ဝန်ကြီးချုပ် မာမိုဟမ်ဆင်းထံ စာပေးပို့တိုက်တွန်းလိုက်သည်။ (Irrawaddy 131011) Read More ...
- ရခိုင်ပြည်နယ်တွင် အကောင်အထည်ဖေါ်နေသော ရွှေဂတ်စ် သဘာဂဓါတ်ငွေ့ စီမံကိန်းကို ရပ်တန့်ရန် တိုင်းရင်းသားပေါင်းစုံပါဝင်သော မြန်မာနိုင်ငံသား ၂၅ဝ ခန့်က မလေးရှားရှိ မြန်မာသံရုံးရှေ့တွင် အောက်တိုဘာ ၁၃ ရက်နေ့က သွားရောက် ဆန္ဒပြခဲ့ကြသည်ဟု ဦးဆောင်သူ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ပြည်ပ- မလေးရှားဌာနခွဲ)မှ အတွင်းရေးမှူးကိုမျိုးခိုင်က ပြောသည်။ (Narinjara 131011) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အပါအဝင် အတိုက်အခံအဖွဲ့အစည်းများကို ၂ဝဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်း သွတ်သွင်းရန် အစိုးရမှ ကြိုးစားလုပ်ဆောင်ခြင်းကို မပြုလုပ်သင့်ကြောင်း လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ DPNS က သတိပေးဝေဖန်လိုက်သည်။ (BBC 141011) Read More...
- သမ္မတဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွတ်လာသည့် ပြည်ထောင်စု မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် FTUB အဖွဲ့ဝင်များ ပါဝင်သည့်အတွက် ကြိုဆိုကြောင်း ကြေညာချက် ထုတ်ပြန်လိုက်ပြီး ကျန်လွတ်မြောက်လာခြင်း မရှိသေးသည့် အဖွဲ့ဝင် ၁၈ ဦးကိုလည်း ထပ်မံလွှတ်ပေးရန် FTUB က အောက်တိုဘာ ၁၄ ရက်နေ့တွင် တောင်းဆိုလိုက်သည်။ (RFA 141011) Read More...
- နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဂျပန်နိုင်ငံသို့ လာမည့် အောက်တိုဘာ ၂ဝ ရက်နေ့မှ ၂၂ နေ့ထိ ၃ ရက်ကြာခရီးစဉ်တွင် ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူများက ဆန္ဒပြကြမည်ဟု မြန်မာ့အရေးလှုပ်ရှားသူ တိုကျိုမြို့မှ ဦးသန်းဆွေက ပြောသည်။ (RFA 141011) Read More...
- သမ္မတ ဦးသိန်းစိန် လက်မှတ်ထိုးပြဋ္ဌာန်းလိုက်သည့် အလုပ်သမားအဖွဲ့အစည်း ဥပဒေသည် အလုပ်သမား အခွင့်အရေးများကို ထိန်းချုပ်ထားသော ဥပဒေသာဖြစ်ကြောင်း ပြည်ပအခြေစိုက် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ (BLC) အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးက ပြောကြားလိုက်သည်။ (VOA 151011) Read More...

## နိုင်ငံတကာ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- အောက်တိုဘာလ ၁၉ ရက်နေ့ အထွေထွေညီလာခံတွင် မြန်မာ့လူ့အခွင့်အရေး အခြေအနေများကို အချေအတင်ဆွေးနွေးရန် ရှိသောကြောင့် ယင်းမတိုင်မီ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးခြင်းသည် မြန်မာအစိုးရအတွက် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်လိမ့်မည်ဟု မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် သောမတ်စ်အိုဟေး ကင်တာနား က ပြောဆိုလိုက်သည်။ (VOA 101011) Read More...
- မြန်မာအစိုးရသစ်၏ လွတ်ငြိမ်းချမ်းသာခွင့်အစီအစဉ်အရ အကျဉ်းသား ၆၃၅၉ ထဲတွင် နိုင်ငံရေးအကျဉ်းသား ၃၀၀ ခန့် ပါဝင်သည့်အတွက် ကြိုဆိုလိုက်ကြောင်းနှင့် ကျန်နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးရန် တိုက်တွန်းလိုက်ကြောင်း ဥရောပသမဂ္ဂ EU နိုင်ငံခြားရေးမူဝါဒဆိုင်ရာအကြီးအကဲ ကက်သရင်းအက်ရှ်တန်က ပြောဆိုလိုက်သည်။ (BBC 121011) Read More...
- မြန်မာအစိုးရ၏ အကျဉ်းသားလွှတ်ပေးရေးတွင် နိုင်ငံရေးအကျဉ်းသား အနည်းငယ်သာပါဝင်သည့်အတွက် နိုင်ငံတကာမှ တောင်းဆိုနေသည့်နှုန်းနှင့် မကိုက်ညီကြောင်း၊ ယင်းနောက်ဆုံးအခြေအနေအပါအဝင် မြန်မာ့အရေးကို လာမည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အစီရင်ခံတင်ပြမည်ဖြစ်ကြောင်း ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် တောမတ်စ် အိုဟေး ကွင်တားနားက ပြောဆိုလိုက်သည်။ (VOA 121011) Read More...
- နိုင်ငံတကာ အသိုင်းအဝိုင်းမှ တောင်းဆိုထားသည့်အတိုင်း သမ္မတဦးသိန်းစိန်၏ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်တွင် နိုင်ငံရေး အကျဉ်းသားအားလုံး ချွင်းချက်မရှိလွှတ်ပေးရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီးမွန်းက ထပ်မံ တိုက်တွန်းပြောကြားလိုက်သည်။ (RFA 121011) Read More...
- လွတ်ငြိမ်းချမ်းသာခွင့်အရ နိုင်ငံရေးအကျဉ်းသား ၂၀၀ ကျော်သာပါဝင်သေးသည့်အတွက် ကျန်နိုင်ငံရေးအကျဉ်းသား အများအပြား ဆက်လက် ထိန်းသိမ်းခံထားရသောကြောင့် ၎င်းတို့အားလုံးကို ချွင်းချက်မရှိ လွှတ်ပေးရန် အာဆီယံလွှတ်တော်အမတ်များအဖွဲ့ AIPMC အနေဖြင့် မြန်မာအစိုးရကို ထပ်မံတိုက်တွန်းလိုက်ကြောင်း အမှုဆောင် ညွှန်ကြားရေးမှူး Agung Putri Astrid က ပြောသည်။ (RFA 131011) Read More...

### (ခ) အစိုးရ

- မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား သဘောတူ ဆောက်လုပ်နေသည့် မြစ်ဆုံ ရေအားလျှပ်စစ် စီမံကိန်းကို သမ္မတ ဦးသိန်းစိန်က ရုတ်တရက် ဆိုင်းငံ့ထားလိုက်သည့်ကိစ္စနှင့်ပတ်သက်၍ ပြေပြေလည်လည် ဖြေရှင်းနိုင်ရန် ပူးပေါင်းဆောင်ရွက်မှု အပြည့်ဖြင့် နောက်ထပ် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းကို မိမိတို့ နှစ်ဖက် သဘောတူညီခဲ့ကြောင်း တရုတ်အစိုးရက ကြေညာလိုက်သည်။ (RFA 101011) Read More..., BBC...
- မြန်မာနိုင်ငံတွင် အပြောင်းအလဲများ ဖြစ်ပေါ်နေပြီး မြန်မာဘက်မှ ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုများအပေါ် အမေရိကန်အစိုးရ အနေဖြင့်လည်း မူဝါဒရေးရာအရ တဆင့်ချင်းအလိုက် တုံ့ပြန်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ ဆိုင်ရာ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell က အောက်တိုဘာ ၁၀ ရက်နေ့တွင် ပြောကြားလိုက်သည်။ (RFA 101011) Read More...
- မြန်မာအစိုးရသစ်၏ ဒုတိယအကြိမ်မြောက် လွတ်ငြိမ်းချမ်းသာခွင့်ပြုမည့် အကျဉ်းသား ၆၃၅၉ ဦးထဲတွင် နိုင်ငံရေးအကျဉ်းသား အားလုံး ပါဝင်လွတ်မြောက်လာခြင်းကို စောင့်ကြည့်မျှော်လင့်နေကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရသူ Victoria Nuland က အောက်တိုဘာ ၁၁ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။ (VOA 111011) Read More...
- မြန်မာအစိုးရသစ်က အကျဉ်းသားများ လွှတ်ပေးခြင်းကို အပြုသဘောဆောင်သည့် တိုးတက်မှုတစ်ခုဖြစ်သည်ဟု အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ ဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါက ပြောသည်။ (BBC 111011) Read More...
- သမ္မတ ဦးသိန်းစိန်၏ ၄ ရက်ကြာ အိန္ဒိယနိုင်ငံခရီးစဉ်တွင် ဗုဒ္ဓဂါယာသို့ အောက်တိုဘာ ၁၂ ရက်နေ့က ရောက်ရှိနေပြီး ၎င်း၏ လုံခြုံရေးများအတွက် လွန်ခဲ့သည့် ၂ ရက်ခန့်မှစတင်ကာ မကြံ့စဖူး တင်းတင်းကြပ်ကြပ် ချထားကြောင်းနှင့် ယခင်စစ်အာဏာရှင် ဟောင်း ဦးသန်းရွှေထက် သာလွန်နေသည်ဟု ဗုဒ္ဓဂါယာမှ သံဃာတစ်ပါးက မိန့်ကြားခဲ့သည်။ (RFA 121011) Read More...

- မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်သည့်ကိစ္စအပါအဝင် အပြောင်းအလဲများနှင့်ပတ်သက်ပြီး အိန္ဒိယနိုင်ငံ အနေဖြင့် သတိနှင့်ကြိုဆိုကြောင်းနှင့် ဒီမိုကရေစီကို ဦးတည်သည့် အသွင်းကူပြောင်းမှုများကို အစဉ်အမြဲအားပေးထောက်ခံ နေပါကြောင်း အိန္ဒိယနိုင်ငံခြားရေး ဌာနက ပြောဆိုလိုက်သည်။ (RFA 131011) Read More...
- သမ္မတ ဦးသိန်းစိန်နှင့် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့၏ အောက်တိုဘာ ၁၄ ရက်နေ့ တွေ့ဆုံမှုတွင် မြန်မာနိုင်ငံမှ ရေနံနှင့် သဘာဝဓါတ်ငွေ့ ရှာဖွေရေးလုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် သဘောတူခဲ့ကြပြီး မြန်မာနိုင်ငံမှ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအတွက် သန်း ၅၀၀ အကြွေးပေးမည်ဟု အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ကမ်းလှမ်းလိုက်သည်။ (VOA 141011) Read More...
- မြန်မာအစိုးရသစ်၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ရှေ့ရှုနေမှုကို အိန္ဒိယက အသိအမှတ်ပြု ကြိုဆိုကြောင်း သမ္မတ ဦးသိန်းစိန်၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာ – အိန္ဒိယ နှစ်နိုင်ငံ ပူးပေါင်းထုတ်ပြန်ချက်တွင် အိန္ဒိယ ဝန်ကြီးချုပ် မာမိုဟမ်ဆင်းက ပြောဆို လိုက်သည်။ (Irrawaddy 141011) Read More…

(ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံတွင် လက်တွေ့စစ်မှန်သည့် အပြောင်းအလဲများ ပြုလုပ်ခြင်းရှိ၊ မရှိကို အောက်တိုဘာ ၁၂ ရက်နေ့မှ စတင်လွှတ်ပေး မည်ဟု သမ္မတ ဦးသိန်းစိန် ကြေညာခဲ့သည့် လွတ်ငြိမ်းချမ်းသာခွင့်ထဲတွင် နိုင်ငံရေးအကျဉ်းသား မည်သည့်အရည်အတွက်အထိ လွှတ်ပေးမည်ဆိုခြင်းကို စောင့်ကြည့်ပြီး အကဲဖြတ်နိုင်မည်ဖြစ်ကြောင်း နယူးယောက်မြို့အခြေစိုက် လူ့အခွင့်ရေးစောင့်ကြည့် အဖွဲ့ကြီး HRW က ပြောဆိုလိုက်သည်။ (VOA 111011) Read More...
- မြန်မာအစိုးရသစ်၏ အကျဉ်းသားများ လွှတ်ပေးခြင်းကို နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး AI က ကြိုဆိုလိုက်သော်လည်း လွှတ်လာသည့် အကျဉ်းသားများထဲတွင် နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၅ ရာခိုင်နှုန်းသာ ပါသေးသည့်အတွက် ကျန်အကျဉ်း သားများ အမြန်ဆုံးထပ်မံလွှတ်ပေးရန် တောင်းဆိုလိုက်သည်။ (VOA 121011) Read More...
- မြန်မာအစိုးရအနေဖြင့် တကယ်တမ်း နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ လုပ်နေသည်ကို ပြသမည်ဆိုပါက နိုင်ငံရေးအကျဉ်းသားများ အားလုံး လွှတ်ပေးရမည်ဖြစ်ကြောင်း၊ ယခုမျှော်လင့်ထားသည့်အတိုင်း အားလုံးပြန်မလွှတ်သေးသည့်အတွက် စိတ်ပျက်မိကြောင်း လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ HRW ၏ အာရှဒေသဆိုင်ရာတာဝန်ခံတစ်ဦးဖြစ်သည့် အီလိန်း ပီယာဆန် (Elaine Pearson) က ပြောဆိုလိုက်သည်။ (VOA 121011) Read More...
- မကြာမီရက်ပိုင်းအတွင်းက သမ္မတ လက်မှတ်ရေးထိုး ပြဌာန်းလိုက်သည့် မြန်မာနိုင်ငံအလုပ်သမားအဖွဲ့အစည်း ဥပဒေကို ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILO က ကြိုဆိုလိုက်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို ဆက်လက်လေ့လာနေသည်ဟု ရန်ကုန် ILO ရုံးမှ အရာရှိ မစ္စတာ စတိဗ် မာရှယ်က ပြောသည်။ (BBC 141011) Read More...

---

***End of report/ Saturday, October 15, 2011***

**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**

***Documentation and Research Department (NDD)***

---